ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အထူးကပ်တံဆိပ်ခေါင်း
SPECIAL ADHESIVE
၅၀၀၀၀ကျပ် K 50000

# ပစ္စည်းဝယ်ယူခြင်းသဘောတူစာချုပ်

စာချုပ်အမှတ် - 10 (PO) Generators / IWUMD / Local Purchase / 2023-2024

ဤသဘောတူစာချုပ်ကို ၂၀၂၃ ခုနှစ်၊ဇူလိုင်လ ( ၂၄ ) ရက်နေ့တွင် နေပြည်တော်၌ ဒေါက်တာမှူးမှူးသန်း၊ ညွှန်ကြားရေးမှူး ကိုယ်စားပြုသော ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၅)၊ နေပြည်တော် (နောင်တွင် "ဝယ်ယူသူ" ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါ စကားရပ်၌ ယင်းအား ဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်)က တစ်ဖက်နှင့် ဒေါ်မာလာဝင်း၊ ပန်းနေးဂျင်းဒါရိုက်တာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- ၁၂/သဃက(နိုင်)၀၄၂၅၃၈၊ Winning Way Co., Ltd. ကိုယ်စားပြုသော ပြန်မာနိုင်ငံ ကုမ္ပဏီများအက် ဥပဒေအရ တရားဝင် ဖွဲ့စည်းထားသော အမှတ်- ၃၇၊ ဥတ္တရသိရိအဆင့်မြင့်ရပ်၊ ဥတ္တရသီရိမြို့နယ် နေပြည်တော် (နောင်တွင် "ရောင်းချသူ"ဟု ခေါ်ဆိုမည်ဖြစ်ပြီး အဆိုပါ စကားရပ်၌ ယင်းအား ဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်း ခံရသူများပါဝင်သည်)က အခြားတစ်ဖက်တို့သည် ဤသဘောတူစာချုပ်ကို ချုပ်ဆိုသည့်နေရာတွင် နှစ်ဖက် သဘောတူ ချုပ်ဆိုကြပါသည်။

## ၁။ ရည်ရွယ်ချက်

ဒိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ (၂၉-၅-၂၀၂၃) ရက်နေ့တွင် ပြုလုပ်သော တင်ဒါကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၃) အစည်းအဝေး ဆုံးဖြတ်ချက်အရ တင်ဒါအောင်မြင်သဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအတွက် Generators (2) Items ကို ဝယ်ယူသူက ဝယ်ယူလိုပြီး ရောင်းချသူက ရောင်းချရန် သဘောတူသည့်အလျောက် ဤသဘောတူစာချုပ်ကို ချုပ်ဆိုကြခြင်း ဖြစ်ပါ သည်။

## ၂။ အာမခံခြင်းနှင့်ကိုယ်စားပြုခြင်း

ဝယ်ယူသူသည် ဥပဒေအရ စာချုပ်ပါလုပ်ငန်းကို တရားဝင် ပိုင်ဆိုင်ခွင့် လုပ်ကိုင်ခွင့်ရှိသူဖြစ်ပြီး ရောင်းချသူသည် စာချုပ်ပါလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ငွေကြေးအင်အား ပြည့်စုံသူ ဖြစ်ပြီး ဝယ်ယူသူနှင့် ရောင်းချသူတို့သည် စာချုပ်တွင် လက်မှတ်ရေးထိုးခွင့် အခွင့် အာဏာရှိသူများ ဖြစ်ကြောင်း အသီးသီး အာမခံကြပါသည်။

၂/သို့

ပစ္စည်းများပေးသွင်းရမည့်တည်နေရာ

၃။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံ ခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်)၊ ဖြည့်တင်းရေးဌာနခွဲ(၁)စတို၊ ရှစ်မိုင်ခွဲ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တည်ရှိပါသည်။

ပစ္စည်းအမျိုးအစား

၄။ ဝယ်ယူမည့် Generators ၊ အရေအတွက်နှင့် ကျသင့်တန်ဖိုးများအား နောက်ဆက်တွဲ(က) ဖြင့် ပူးတွဲဖော်ပြထားပါသည်။

၅။ ဝယ်ယူမည့် ပစ္စည်းအားလုံး၏ တန်ဖိုးမှာ ၈၅,၃၀၀,၀၀၀ ကျပ် (ကျပ်ရှစ်ရာငါးဆယ့်သုံးသိန်းတိတိ) ဖြစ်ပါသည်။

၆။ လုပ်ငန်းအာမခံကြေးရယူခြင်း

(က) လုပ်ငန်းအာမခံကြေး စဘော်ငွေ (Performance Bank Guarantee) အဖြစ် လုပ်ငန်းတစ်ခုလုံး၏ ၁၀% ဖြစ်သော ငွေကျပ် ၈,၅၃၀,၀၀၀ ကို စာချုပ် မချုပ်ဆိုမီ ရောင်းချသူမှပေးသွင်းပြီး စာချုပ်အား လက်မှတ်ရေးထိုး ချုပ်ဆိုသည့်နေ့မတိုင်မီ ယင်း Performance Bank Guarantee အား ဌာနသို့ အပ်နှံပြီးဖြစ်ရမည်။

(ခ) ပစ္စည်းအရည်အသွေးစစ်ဆေးရန် တာဝန်ပေးအပ်ထားသည့် အဖွဲ့အစည်းမှ သတ်မှတ် စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှုရှိကြောင်း စစ်ဆေးပြီးစီးသည့် ပစ္စည်း အရည်အသွေးစစ်ဆေး တွေ့ရှိချက် အထောက်အထားများဖြင့် တင်ပြလာသည့်အခါ လုပ်ငန်း ဆောင်ရွက်မှု အာမခံ (Performance Bank Guarantee) ကို ဝယ်ယူသူမှ ပြန်လည်ထုတ်ပေးရမည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေသည့် ကာလအတွင်း လုပ်ငန်း အားလုံး ဆောင်ရွက်နိုင်ခြင်း မရှိလျှင်လည်းကောင်း၊ ရောင်းချသူ၏ပျက်ကွက်မှုကြောင့် စာချုပ်ရပ်စဲရသည့်အခြေအနေ ပေါ်ပေါက်လျှင်လည်းကောင်း လုပ်ငန်းအာမခံကြေး စဘော်ငွေ (Performance Bank Guarantee) ကို သိမ်းဆည်းခြင်းခံရမည်။

၇။ ရောင်းချသူက လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ

(က) တင်သွင်းမည့် ပစ္စည်းအမျိုးအစားနှင့် အရေအတွက် မှန်ကန်ရမည်။

(ခ) အကောက်ခွန်ကင်းလွတ်ခွင့်နှင့် ကုန်သွယ်ခွန်ကင်းလွတ်ခွင့်များကို ဌာနမှ လုံးဝ ဆောင်ရွက်ပေးမည် မဟုတ်ဘဲ ရောင်းချသူ၏အစီအစဉ်ဖြင့် အရောက်ပေးပို့ရမည်။

၃ သို့

9 JUN 2023

(ဂ) စာချုပ် အခွန်တံဆိပ်ခေါင်း ကပ်ရာတွင် ကျသင့်မည့် စာချုပ်တန်ဖိုး၏ ၁% (သို့မဟုတ်) အများဆုံး ကျပ် ၁၅၀,၀၀၀/- (တစ်သိန်းငါးသောင်းတိတိ) အား ရောင်းချသူမှ ကျခံရမည်။

(ဃ) ရောင်းချမည့်ပစ္စည်းကိုတင်ဒါစည်းကမ်းပါ အရည်အသွေးသတ်မှတ်ချက် စံချိန်စံညွှန်းများနှင့် အညီ ပြုလုပ်ပေးသွင်းရမည်။ မူရင်းနိုင်ငံထုတ် ပစ္စည်းမှန်ကန်ရမည်။ ဌာနမှ ပစ္စည်း အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

(င) ရောင်းချသူမှ တင်သွင်းသော ပစ္စည်းများကို ဝယ်ယူသူက ပစ္စည်း အရည်အသွေး စစ်ဆေးရေးအဖွဲ့ ဖြင့် စစ်ဆေးပြီး စံချိန်စံညွှန်း ကိုက်ညီမှုရှိမှသာ တင်သွင်းသည့်ပစ္စည်းအား လက်ခံမည်။ စံချိန်စံညွှန်း နှင့်မညီသော ပစ္စည်းများကို လက်ခံရန် ငြင်းပယ်မည့်အပြင် လုပ်ငန်းဆောင်ရွက်မှု အာမခံ (Performance Bank Guarantee) အဖြစ် ပေးသွင်းထားသည့်ပစ္စည်းတန်ဖိုး ကျသင့်ငွေစုစုပေါင်း၏ (၁၀) ရာခိုင်နှုန်းကို နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းယူမည်။

(စ) ရောင်းချသူက စံချိန်စံညွှန်းနှင့် ညီသော ပစ္စည်းများနှင့် အချိန်မီ အစားထိုး လဲလှယ်ပေးပါက သိမ်းယူ ထားသည့် အာမခံစပေါ်ငွေကို ဝယ်ယူသူမှ ပြန်လည် ထုတ်ပေးမည်။ ထိုသို့ ပစ္စည်း လဲလှယ်ပေး ရခြင်းအတွက် ရောင်းချသူက ဝယ်ယူသူထံမှ စရိတ်စက ထပ်မံ တောင်းဆိုခြင်း မပြုရ။

## ဝယ်ယူသူက လိုက်နာဆောင်ရွက်မည့် တာဝန်ဝတ္တရားများ

၈။ ရောင်းချသူမှ ပေးသွင်းလာမည့် ပစ္စည်းများကို သတ်မှတ်နေရာတွင် လက်ခံခြင်း၊ သက်ဆိုင်ရာ ပစ္စည်း လက်ခံရေးအဖွဲ့ဖြင့် စစ်ဆေးခြင်းများကို ဝယ်ယူသူမှ ကြီးကြပ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ပစ္စည်း လက်ခံမည့် သတ်မှတ်နေရာ အပြောင်းအလဲရှိပါက ရောင်းချသူနှင့် ညှိနှိုင်းရမည်။

## ပစ္စည်းပေးသွင်းခြင်း

၉။ စာချုပ်တွင် စာချုပ်ဝင်နှစ်ဖက်လက်မှတ်ရေးထိုးပြီးသည့်နေ့တွင် လုပ်ငန်းစတင်ပြီး (၉.၁၀.၂၀၂၃ ) ရက်နေ့ တွင် ပစ္စည်းပေးသွင်းမှုများ ပြီးစီးအောင် ဆောင်ရွက်ရမည်။ ပစ္စည်းများပေးသွင်းရန် သတ်မှတ်ထားသည့် ရက်ထက် ကျော်လွန်ပါက ကျော်လွန်သည့်ရက်များအတွက် တစ်ရက်လျှင် ဝယ်ယူမည့် ပစ္စည်းအားလုံး တန်ဖိုး၏ ၀.၀၁% ဖြင့် ရောင်းချသူမှ ပေးလျော်ရမည်ဖြစ်ပြီး နောက်ကျရက် (၃၀) ရက်ထက် ကျော်လွန်ပါက လုပ်ငန်းကို ရပ်ဆိုင်းပြီး အမည်ပျက်စာရင်းတွင် ထည့်သွင်းကြေညာမည်ဖြစ်သည်။

## ပစ္စည်းအာမခံသက်တမ်း

၁၀။ ပစ္စည်းအာမခံသက်တမ်းမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရောင်းချသူ၏ ပစ္စည်းအာမခံ သက်တမ်းသည် ဝယ်ယူသူ သတ်မှတ်ထားသော နေရာသို့ ပစ္စည်းကို အရောက်ပေးပို့ပြီး အပ်နှံလက်ခံပြီးသည့်နေ့မှစ၍ ( ၁ ) နှစ်အတွင်း ဖြစ်သည်။

(ခ) အာမခံ သက်တမ်းအတွင်း ပစ္စည်းချို့ယွင်းခြင်း၊ အားနည်းချက်ရှိခြင်း၊ စွမ်းဆောင်မှု မကောင်းခြင်း ကဲ့သို့ အပြစ်အနာအဆာများဖြစ်ခြင်း၊ ပျက်စီးခြင်းများရှိပါက ဝယ်ယူသူသည် ရောင်းချသူထံသို့ စာဖြင့် အသိပေးအကြောင်းကြားသည့်အခါ အကြောင်းကြားစာ လက်ခံ ရရှိပြီး တစ်လအတွင်း ရောင်းချသူက ပစ္စည်း အစိတ်အပိုင်းများ သို့မဟုတ် ပစ္စည်းတစ်ခုလုံးအား ပြင်ဆင်ပေးခြင်း၊ သို့မဟုတ် အစာထိုးပေးခြင်းတို့ကို ဝယ်ယူသူထံမှ ကုန်ကျစရိတ် မယူဘဲ ဝယ်ယူသူ သတ်မှတ်ထားသည့်နေရာသို့ ပြင်ဆင်ခြင်း၊ ပို့ဆောင်ခြင်းကို ဆောင်ရွက်ပေးရမည်။

ရောင်းချသူ၏ အာမခံချက်

၁၁။ ရောင်းချသူက အောက်ပါအချက်များကို အာမခံပါသည်။

(က) စာချုပ်အရ ရောင်းချသူမှ တင်သွင်းသည့် ပစ္စည်းများသည် အသစ်ဖြစ်၍ အသုံး မပြုရ သေးကြောင်း၊ လက်ရှိထုတ်လုပ်သည့် မော်ဒယ်ဖြစ်ကြောင်း၊ ပစ္စည်းမှာ ပထမတန်းအရည်အသွေးဖြစ်၍ အပြစ်အနာအဆာမရှိကြောင်း အာမခံပါသည်။

(ခ) ရောင်းချသူ၏ အာမခံချက်တွင် အာမခံ သက်တမ်းအတွင်း ပစ္စည်းအား ပြင်ဆင်ခြင်း၊ အစားထိုးခြင်း ပါဝင်သည်။

(ဂ) ရောင်းချသူသည် အာမခံသက်တမ်းအတွင်း ပစ္စည်းများ၏ ချို့ယွင်းမှုများ၊ အလွယ်တကူ မမြင်ရသော ချို့ယွင်းမှုများရှိပါက ပြင်ဆင်ခြင်း၊ လဲလှယ်ခြင်းများကို ဆောင်ရွက်ပေးရမည်။

(ဃ) ရောင်းချသူသည် ဝယ်ယူသူ သတ်မှတ်ပေးသည့်နေရာတွင် မိမိစရိတ်ဖြင့် ပစ္စည်း၏ အသုံးပြုပုံများကို ပစ္စည်းအသုံးပြုမည့်သူများအား သင်ကြားပြသပေးရမည်။

အခွန်အခပေးဆောင်ခြင်း

၁၂။ ငွေပေးချေမှုအစီအစဉ်အရ ပင်ရင်းမှ နှုတ်ယူပေးသွင်းငွေ (With Holding Tax) ဖြစ်သော ပစ္စည်း တန်ဖိုး၏ ၂% ကို ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးသွင်းရမည်။ ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ပစ္စည်းတန်ဖိုး၏ ၅% ကို ရောင်းချသူ၏အစီအစဉ်ဖြင့်ပေးသွင်းရမည်။လုပ်ငန်းအတွက်နောက်ဆုံးအရစ်ငွေထုတ်ချိန်တွင် ကုန်သွယ်လုပ်ငန်းခွန် အဖြစ် ပစ္စည်းတန်ဖိုး၏ ၅% အား ပေးသွင်းထားကြောင်း အထောက်အထား တင်ပြမှသာ ထုတ်ပေးရမည်။

ငွေပေးချေခြင်းစနစ်

၁၃။ ဝယ်ယူသည့် ပစ္စည်းများ သတ်မှတ်ရက်အတွင်း ရောက်ရှိပြီး ပစ္စည်း အရည်အသွေးစစ်ဆေးပြီး သတ်မှတ် စံချိန်စံညွှန်း အရည်အသွေးများနှင့် ကိုက်ညီမှုရှိကြောင်း ပစ္စည်းအရည်အသွေးစစ်ဆေးရန် တာဝန် ပေးအပ်ထားသည့် အဖွဲ့အစည်းမှ စစ်ဆေးပြီးစီးသည့် စစ်ဆေးတွေ့ရှိချက်အထောက်အထားများ ပူးတွဲ၍ ငွေတောင်းခံလွှာကို တင်ပြ လာသည့်အခါ ကျသင့်သည့်ပစ္စည်းတန်ဖိုးကို ရောင်းချသူသို့ ထုတ်ပေးရမည်။

၅ သို့

CamScanner

9 JUN 2023

မူပိုင်ခွင့်

၁၄။ ဝယ်ယူမည့် ပစ္စည်းများသည် မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် ပစ္စည်းများဖြစ်ပါက ရောင်းချသူအနေဖြင့် စာချုပ်အရ ထုတ်လုပ်ထားသည့်ပစ္စည်းအတွက် ဝယ်ယူသူနှင့် ဆောင်ရွက်သည့် ကိစ္စအားလုံးတွင် အခြား အဖွဲ့အစည်း၊ ကုမ္ပဏီနှင့် ပုဂ္ဂိုလ်များ၏ မူပိုင်ခွင့်ကို ထိပါးမှုမရှိကြောင်း ဝန်ခံကတိပြုပါသည်။ ရောင်းချသူမှ ပေးပို့လာသော ပစ္စည်းအတွက် မူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ဝယ်ယူသူအား တရားစွဲဆိုပါက ရောင်းချသူမှ ဝယ်သူနစ်နာမှုမရှိစေရန် ၎င်း၏ စရိတ်ဖြင့် ခုခံကာကွယ်ပေးရမည်။ ဝယ်ယူသူမှ စာဖြင့် အကြောင်းကြားပါက တရားစွဲဆိုမှုအပေါ် ရောင်းချသူ၏ စရိတ်ဖြင့် ခုခံနိုင်ရန် ရောင်းချသူက ဆောင်ရွက်ပေးရမည်။

ပစ္စည်းများ၏ စံချိန်စံညွှန်း

၁၅။ ရောင်းချသူသည် ပေးသွင်းမည့်ပစ္စည်းများ၏ စံချိန်စံညွှန်း အရည်အသွေးများကို နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။

မလွန်ဆန်နိုင်သောဖြစ်ရပ်

၁၆။ မလွန်ဆန်နိုင်သောဖြစ်ရပ်ဆိုသည်မှာ သဘာဝအလျောက် ကြုံတွေ့နိုင်သည့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေငလျင်ဘေး စသည်များအပြင် နိုင်ငံတော်အစိုးရ၏ ကန့်သတ်တားမြစ်ချက်များ၊ တရားဥပဒေ စိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားမှုပျက်ပြယ်ခြင်း၊ စစ်ဖြစ်ခြင်း၊ သပိတ်မှောက်ခြင်းစသည်တို့နှင့် စာချုပ်ဝင် တစ်ဖက်ဖက်က လိုအပ်သော သတိဝီရိယနှင့် ဆောင်ရွက်စေကာမူ မလွန်ဆန် မကျော်လွှားနိုင်သည့် အလားတူ ဖြစ်ရပ်များဖြစ်ပြီး ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် လုပ်ငန်းဆောင်ရွက်မှုကို ထိခိုက်ဆုံးရှုံးစေလျှင် ဝယ်ယူသူသည် ရောင်းချသူသို့ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးတောင်းခွင့်မရှိစေရ။

ထိုသို့ မလွန်ဆန်နိုင်သောဖြစ်ရပ် ပေါ်ပေါက်လာပါက ရောင်းချသူသည် ယင်းဖြစ်ရပ် ပေါ်ပေါက်လာသည့် အချိန်မှ (၁၄) ရက်အတွင်း ဝယ်ယူသူသို့ ချက်ချင်းစာဖြင့် ရေးသား အကြောင်းကြားရမည်။ ဝယ်ယူသူက လက်ခံအတည်ပြုလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး ပစ္စည်းဝယ်ယူမှုနှင့် တိုက်ရိုက် သက်ဆိုင်သော ဖြတ်တောက်ကာလ အပိုင်းအခြားအတွက် သက်သာခွင့်ကို ခွင့်ပြုနိုင်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ခြင်း

၁၇။ ရောင်းချသူအနေဖြင့် ပေးသွင်းရမည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက် ပျက်စီးဆုံးရှုံးမှု ကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ရမည့် ပတ်ဝန်းကျင် ဘေးအန္တရာယ် ကင်းရှင်းစေရေးဆိုင်ရာ လိုအပ်သော အကာအကွယ် အစီအစဉ် စသည်တို့ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

လွှဲပြောင်းလက်ခံခြင်း

၁၈။ ဤစာချုပ်ပါ သတ်မှတ်ချက်များအတိုင်း ပစ္စည်းများ ပေးသွင်းပြီးစီးလျှင် ဝယ်ယူသူက ရောင်းချသူအား ပြီးစီးကြောင်း စာဖြင့် အကြောင်းကြားရမည်။ ဤသို့ အကြောင်းကြားသည့်ရက်မှ ရက်သတ္တပတ်အတွင်း တရားဝင် လွှဲပြောင်းလက်ခံရေးကို စတင်ဆောင်ရွက်ရမည်။

၆ သို့

CamScanner

**လုပ်ငန်းခွင်ပစ္စည်းများ ရှင်းလင်းသိမ်းဆည်းခြင်း**

၁၉။ ရောင်းချသူသည် ဝယ်ယူသူသို့ ပစ္စည်းများ လွှဲပြောင်းပြီး ရက် (၃၀) အတွင်း လိုအပ်ပါက Installation, Test Run, Training တို့ ဆောင်ရွက်ပေးပြီးနောက် လုပ်ငန်းခွင်ရှိ ရောင်းချသူပိုင် ပစ္စည်း များနှင့် အသုံးအဆောင်များ အားလုံးကို သိမ်းဆည်းဖယ်ရှားပြီးနောက် လုပ်ငန်းခွင်၏ ပတ်ဝန်းကျင်ကို သက်ဆိုင်ရာစည်ပင်သာယာရေးအဖွဲ့၏ ဥပဒေနှင့်အညီ ရှင်းလင်းပေးရန် ရောင်းချသူက တာဝန်ယူရမည်။

**၂၀။ စာချုပ်သက်တမ်းနှင့်စာချုပ်သက်တမ်းတိုးမြှင့်ခြင်း**

စာချုပ်သက်တမ်းမှာ စာချုပ် အကျိုးသက်ရောက်သည့် ..၂၄...၅...၂၀၂၃.. ရက်နေ့မှ ..၉...၁၀...၂၃.. ရက်နေ့ အထိဖြစ်ပြီး ထပ်မံ သက်တမ်းတိုးရန်လိုပါက စာချုပ်ဝင် နှစ်ဖက်ညှိနှိုင်း၍ စာဖြင့် သဘောတူညီချက်ရယူကာ ဆည်မြောင်း နှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၏ အတည်ပြုချက်ရယူပြီး သက်တမ်းတိုးနိုင်ပါသည်။

**၂၁။ တာဝန်ယူခြင်းနှင့် တာဝန်ခံခြင်း**

ဤသဘောတူ ကတိစာချုပ်ပါပစ္စည်းများကို ရောင်းချသူက ဝယ်ယူသူထံ စနစ်တကျ လွှဲပြောင်း လက်ခံခြင်း ပြုပြီးသည့်နောက် သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ မမျှော်မှန်းနိုင်သော ခိုင်လုံသည့် အခြား ဘေးအန္တရာယ် တစ်ခုခုကြောင့်ဖြစ်စေ ဖြစ်ပွားခဲ့ခြင်းမှအပ ယင်းသို့ လွှဲပြောင်းလက်ခံပြီး ပစ္စည်း အာမခံကာလ သတ်မှတ်ချက်များ အတိုင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အာမခံပါသည်။ ထို့ပြင် ထိုကာလအတွင်း ပစ္စည်းထုတ်လုပ်မှု နည်းပညာ ပိုင်းအရ ချို့ယွင်းအားနည်းချက်များကြောင့် ဖြစ်ပေါ်လာ သော ထိခိုက်မှု၊ လုပ်ငန်းဆောင်ရွက်ချက် မပြည့်စုံမှု ပျက်စီးမှုများကို ရောင်းချသူက မိမိစရိတ်ဖြင့် ပြန်လည် ပြုပြင်လဲလှယ်ပေးရန် တာဝန်ယူသည်။

**၂၂။ စာချုပ်ရပ်စဲခြင်း**

နှစ်ဖက်စာချုပ်ဝင်များသည် အောက်ဖော်ပြပါ အကြောင်းအရာ တစ်ရပ်ရပ်ဖြစ်ပေါ်လာပါက စာချုပ် အား ရပ်စဲနိုင်သည်။ -

(က) စာချုပ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို စာချုပ်ဝင် တစ်ဖက်ဖက်က ဆောင်ရွက်ရန် ပျက်ကွက်ခြင်း

(ခ) မလွန်ဆန်နိုင်သောဖြစ်ရပ်သည် တစ်ဆက်တည်း (၃၀) ရက်ထက် ကျော်လွန်ဖြစ်ပွားနေခြင်း

(ဂ) စာချုပ်ပါ မူလရည်မှန်းချက် များကို ဆက်လက်အကောင်အထည် ဖော်နိုင်ခွင့်မရှိတော့ခြင်း

(ဃ) နှစ်ဖက်သဘောတူရပ်စဲခြင်း

(င) စာချုပ်သက်တမ်းကုန်ဆုံးခြင်း

**၂၃။ စာချုပ် အကျိုးသက်ရောက်ခြင်း**

ဤစာချုပ်သည် နှင်ဦးနှစ်ဖက် သဘောတူ လက်မှတ်ရေးထိုးသော (၂၄-၇-၂၀၂၃) နေ့မှစ၍ အကျိုး သက်ရောက်စေရမည်။

၇ သို့

CamScanner

၂၄။ စာချုပ်အား ပြန်လည် စေ့စပ်ညှိနှိုင်းခြင်း

ဤသဘောတူစာချုပ်တွင်ပါရှိသည့် စည်းကမ်းချက်များသည် လုပ်ငန်းများ အမှန်တကယ် အကောင်အထည် ဖော်ဆောင်ရွက်သည့်အခါ ကြိုတင် မမျှော်မှန်းနိုင်သည့် အခြေအနေ တစ်ရပ်ရပ်ကြောင့် လုပ်ငန်း များ ဆက်လက် ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် စာချုပ်ဝင်များသည် နှစ်ဦးနှစ်ဖက် စေ့စပ်ညှိနှိုင်းပြီး စာချုပ်ပါ စည်းကမ်းချက်များကို ပြန်လည် စေ့စပ် ညှိနှိုင်းဆောင်ရွက်ရမည်။

၂၅။ စာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း

ဤသဘောတူစာချုပ်ကို နှစ်ဦးနှစ်ဖက်စာဖြင့် သဘောတူညီမှုမရှိဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝ မပြုလုပ်ရ။ ဤသဘောတူစာချုပ်တွင် လုပ်ငန်းလိုအပ်ချက်အရ ပေါ်ပေါက်လာသော အချက်အလက် သို့မဟုတ် အခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်ပြီး စာချုပ်ကို ပြင်ဆင်ရန် လိုအပ်ပါက နှစ်ဦးနှစ်ဖက် စာဖြင့် သဘောတူညီချက်ဖြင့် ဤစာချုပ်ကို ပြင်ဆင်နိုင်သည်။

၂၆။ အငြင်းပွားမှုဖြေရှင်းခြင်း

ဤသဘောတူစာချုပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက နှစ်ဦးနှစ်ဖက် ပြေလည်စွာ ညှိနှိုင်းဖြေရှင်းရမည်။ ထိုသို့ဖြေရှင်းမရပါက ဥပဒေနှင့်အညီ စီရင်ပိုင်ခွင့်ရှိသော သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

၂၇။ ဆက်သွယ်ရန်လိပ်စာများ

ဤသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ အကြောင်းကြားစာနှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြော ကြေးနန်း၊ တဲလက်စ်၊ ဖက်စ်၊ ကြိုးမဲ့ကြေးနန်း၊ ကြေးနန်းတို့ဖြင့် ပေးပို့သူက ကျသင့်ငွေ ကြိုတင်ပေးချေ၍ ပေးပို့ ရမည်။ ထိုသို့ ဆက်သွယ်ရာတွင် အောက်ဖော်ပြပါ လိပ်စာများအတိုင်း ဆက်သွယ် ဆောင်ရွက်ရမည်။

(က) ဝယ်ယူသူ - ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၁၅)၊ နေပြည်တော်
ဖုန်း – ၀၆၇-၄၁၀၅၀၃၊ Fax – ၀၆၇-၄၁၀၅၀၉

(ခ) ရောင်းချသူ - Winning Way Co., Ltd.
အမှတ်- ၃၇၊ ဥတ္တရသီရိအဆင့်မြင့်ဈေး၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်
ဖုန်း -

၈ သို့

ဤသဘောတူကတ်စာချုပ်ကို ဝယ်ယူသူနှင့် ရောင်းချသူတို့ ဖတ်ရှု သိရှိ နားလည် သဘောပေါက်ပြီး ဖြစ်သဖြင့် ၂၀၂၃ ခုနှစ်၊ ဇူလိုင် လ၊ ..၂၄... ရက်နေ့တွင် အောက်ဖော်ပြပါ အသိသက်သေများရှေ့မှောက်တွင် လွတ်လပ်သော ဆန္ဒအသီးသီးဖြင့် လက်မှတ်ရေးထိုးကြသည်။

**ဝယ်ယူသူ(ကိုယ်စား)**

လက်မှတ် -
အမည် - ဒေါက်တာမူမူသန်း
ရာထူး - ညွှန်ကြားရေးမှူး
မှတ်ပုံတင်အမှတ် - ၉/မမန(နိုင်) ၀၀၅၉၁၁
ဌာန - ဖြည့်တင်းရေးဌာနခွဲ(၁)
ဆည်မြောင်းနှင့်ရေအသုံးချမှု
စီမံခန့်ခွဲရေးဦးစီးဌာန

**ရောင်းချသူ(ကိုယ်စား)**

လက်မှတ် -
အမည် - ဦးကြည်စိုးသာ
ရာထူး - Sales Manager
မှတ်ပုံတင်အမှတ် - ၉/ပမန(နိုင်) ၁၇၄၈၄၀
ဌာန - Winning Way Co., Ltd.

**အသိသက်သေများ**

လက်မှတ် -
အမည် - ဒေါ်အေးမာဝေ
ရာထူး - ညွှန်ကြားရေးမှူး
မှတ်ပုံတင်အမှတ် - ၁/မညန(နိုင်) ၀၀၀၅၆၇
ဌာန - ငွေစာရင်းဌာနခွဲ
ဆည်မြောင်းနှင့်ရေအသုံးချမှု
စီမံခန့်ခွဲရေးဦးစီးဌာန

လက်မှတ် -
အမည် - ဦးပြည့်ဖြိုးသူငွေး
ရာထူး - Branch Operation Head
မှတ်ပုံတင်အမှတ် - ၁၂/ဒဂဆ(နိုင်) ၀၀၉၃၇၅
ဌာန - Winning Way Co., Ltd.

နောက်ဆက်တွဲ(က)

## Winning Ways Co., Ltd. ထံမှ ဝယ်ယူမည့် Generators (၂) မျိုး

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ဈေးနှုန်း (ကျပ်) | တန်ဖိုး (ကျပ်) |
|---|---|---|---|---|
| 1 | Generator 25 KVA driven by Diesel Engine | 3 Sets | 16,500,000 | 49,500,000 |
| 2 | Generator 35 KVA driven by Diesel Engine | 2 Sets | 17,900,000 | 35,800,000 |
| | စုစုပေါင်း | | | 85,300,000 |



CamScanner

Winning Ways Co., Ltd. ထံမှ တင်သွင်းမည့် Generator 25 KVA driven by Diesel Engine အတွက် စံချိန်စံညွှန်းများ

| Sr. No. | Description | Winning Way Co., Ltd. |
|---|---|---|
| 1 | Make | Matador |
| 2 | Model | MW-28PS |
| 3 | Country of Origin | China |
| 4 | Required Quantities | 3 No (3 Set) |
| 5 | Type | Silent Type Diesel Generator |
| 6 | Engine | |
| | (a) Engine Model | WP2.3D33E200 |
| | (b) Number of Cylinder and Bore & Stroke (mm) | 4, in-line Cylinder and 89 x 92 mm |
| | (c) Max; Rated Output | 20 KW |
| | (d) Engine Rated Speed (rpm) | 1500 |
| | (e) Type of Lubricant | 15 W 40 |
| | (f) Lubricant Capacity (L) | 9.5 L |
| | (g) Fuel Tank Capacity (L) | 65.5 L |
| | (h) Starting System | Electric Start |
| | (i) Engine Type | Vertical Inline, Water-Cooled, 4 Cycle Diesel |
| 7 | Alternator | |
| | (a) Alternator Model | XN 184 F |
| | (b) Type | Self - Excitation with AVR |
| | (c) Excitation System | Self - Excitation |
| | (d) Number of Poles | 4-Poles |
| | (e) Rated Output | Approximately 25 KVA (± 3) |
| | (f) Rated Voltage (V) | Approximately 400 (220) |
| | (g) Rated Frequency (Hz) | 50 Hz |
| | (h) Number Of Phase | 3 Phase |
| | (i) Power Factor | 0.8 |
| 8 | Sound Level (dBA) | Less than 85 dB (A) |
| 9 | Overall Dimensions | 1920 x 740 x 1120 mm |
| 10 | Gross Weight (Kg) | 700 kg |
| 11 | Warranty | Two Years |
| 12 | Attachment & Accessories | Factory Standard |
| 13 | Operation & Maintenance Manual (Hard Copy and Soft Copy) | 3 Sets |
| 14 | Repair Manual (Hard Copy and Soft Copy) | 3 Sets |




CamScanner

# Winning Ways Co., Ltd. ထံမှ တင်သွင်းမည့် Generator 35 KVA driven by Diesel Engine အတွက် စံချိန်စံညွှန်းများ

| Sr. No. | Description | Winning Way Co., Ltd. |
|---|---|---|
| 1 | Make | Matador |
| 2 | Model(Name) | MW-38PS |
| 3 | Country of Origin | China |
| 4 | Required Quantities | 2 No (2 Set) |
| 5 | Type | Silent Type Diesel Generator |
| 6 | Engine | |
| | (a)Engine Model | WP2.3D33E200 |
| | (b)Number of Cylinder and Bore & Stroke (mm) | 4, in-line Cylinder and 89 x 92 mm |
| | (c)Max; Rated Output | 35 KVA / 28 KW |
| | (d)Engine Rated Speed (rpm) | 1500 |
| | (e)Type of Lubricant | 15 W 40 |
| | (f)Lubricant Capacity (L) | 9.5 L |
| | (g)Fuel Tank Capacity (L) | 65.5 L |
| | (h)Starting System | Electric Start |
| | (i)Engine Type | Vertical Inline, Water-Cooled, 4 Cycle Diesel |
| 7 | Alternator | |
| | (a)Alternator Model | XN 184 G |
| | (b)Type | Self - Excitation |
| | (c)Excitation System | Self - Excitation |
| | (d)Number of Poles | 4-Poles |
| | (e)Rated Output | Approximately 35 KVA (± 3) |
| | (f)Rated Voltage (V) | Approximately 400 (220) |
| | (g)Rated Frequency (Hz) | 50 Hz |
| | (h)Number Of Phase | 3 Phase |
| | (i)Power Factor | 0.8 |
| 8 | Sound Level (dBA) | Less than 85 dB (A) |
| 9 | Overall Dimensions | 2286 x 905 x 1120 mm |
| 10 | Gross Weight (Kg) | 720 kg |
| 11 | Warranty | Two Years |
| 12 | Attachment & Accessories | Factory Standard |
| 13 | Operation & Maintenance Manual (Hard Copy and Soft Copy) | 2 Sets |
| 14 | Repair Manual (Hard Copy and Soft Copy) | 2 Sets |



CamScanner




CS CamScanner